ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်

## ညွှန်ကြားချက်အမှတ် (၄/ ၂၀၂၂)

အကြောင်းအရာ။ **ဘဏ်လိုင်စင်ကြေး၊ အခကြေးငွေနှင့် နှစ်စဉ်ကြေးညွှန်ကြားချက် ပြင်ဆင်ခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၆-၁-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၁၇

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၈၄ တွင် အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ဘဏ်များလိုက်နာရန်အတွက် ရည်ညွှန်းပါ ဘဏ်လိုင်စင်ကြေး၊ အခကြေးငွေနှင့် နှစ်စဉ်ကြေး ညွှန်ကြားချက်အမှတ် ၂/ ၂၀၁၇ ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကောက်ခံနေသည့် ဘဏ်လိုင်စင်ကြေး၊ အခကြေးငွေနှင့် နှစ်စဉ်ကြေးများကို ပြည်တွင်းဘဏ်နှင့်နိုင်ငံခြားဘဏ်များအကြား တစ်ပြေးညီဖြစ်စေရန်အတွက် အောက်ပါအတိုင်း ကျပ်ငွေဖြင့်ပေးသွင်းရန် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ကနဦးထည့်ဝင်ပြီးမတည်ငွေရင်း၏ ၀.၁ ရာခိုင်နှုန်းဖြစ်သော လိုင်စင်ကြေး၊

(ခ) ဘဏ်များ၏ ရုံးချုပ်အပြင် မြန်မာနိုင်ငံအတွင်းတွင် ရုံးခွဲတစ်ခုဖွင့်လှစ်ခြင်းအတွက် အခကြေးငွေ ကျပ် ၅၀၀,၀၀၀၊

(ဂ) ဘဏ်များအတွက် နှစ်စဉ်ဘဏ္ဍာရေးနှစ်စ၏ ၂ ရက်နေ့ရှိ ထည့်ဝင်ပြီးမတည်ငွေရင်းစုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်းဖြစ်သော နှစ်စဉ်ကြေး။

၃။ သတ်မှတ်ထားသည့် လိုင်စင်ကြေးနှင့် အခကြေးငွေများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တောင်းခံသည့်နေ့ရက်မှစ၍ ၇ ရက်ထက်နောက်မကျစေဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးဆောင်ရမည်။

၄။ သတ်မှတ်ထားသည့်နှစ်စဉ်ကြေးကို နှစ်စဉ်ဘဏ္ဍာရေးနှစ်စတင်သည့်နေ့ရက်မှစ၍ရက်ပေါင်း ၃၀ ရက်ထက်နောက်မကျစေဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးဆောင်ရမည်။ သို့ရာတွင် ဘဏ်လုပ်ငန်းလိုင်စင်ရရှိသည့်ကာလတစ်နှစ်မပြည့်သေးသည့် ဘဏ်များသည် နှစ်စဉ်ကြေးကို လိုင်စင်သက်တမ်းတစ်နှစ်ပြည့်ပြီးသည့် နောက်ဘဏ္ဍာရေးနှစ်မှစတင်၍ ပေးဆောင်ရမည်။

၅။ ဤညွှန်ကြားချက်ပါအချက်များအား လိုက်နာရန်ပျက်ကွက်ပါက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပါ အခြားအရေးယူမှုများကို ချမှတ်ခြင်းခံရမည်။

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၆-၁-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၂/၂၀၁၇ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၇။ ဤညွှန်ကြားချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)xxxxxxxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

**မိတ္တူကို**

ညွှန်ကြားချက်ဖိုင်/ စာတွဲ

ရုံးလက်ခံ/ မျှောစာတွဲ